# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

May 15, 2024 Volume 78, Number 10

၁၅.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၆၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၄၀၃၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၃.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၆.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၄.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၅.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၇၃ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၅၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၆၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၅၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၄၅၆ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## "ပြည်ပပို့ကုန် ဈေးကွက်အလားအလာရှိသော ထန်း၊ မန်ကျည်းနှင့်ဆီးသီး" ရှင်းလင်းတင်ပြခြင်း ဆွေးနွေးပွဲပြုလုပ်ခြင်း




"ပြည်ပပို့ကုန် ဈေးကွက်အလားအလာရှိသော ထန်း၊ မန်ကျည်းနှင့်ဆီးသီး" ရှင်းလင်းတင်ပြခြင်းဆွေးနွေးပွဲကို ၁၄-၅-၂၀၂၄ ရက်နေ့၊ (၁၃:၃၀)နာရီအချိန်တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရုံးအမှတ် (၃)၊ အစည်းအဝေးခန်းမ၌ (Virtual System) ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံး၊ တာဝန်ခံများ စုစုပေါင်း(၂၉)ဦး တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါ်နော်မူတာကပေါက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးမြို့မှ ဒေါ်ချောစုဝင်း၊ ဦးစီးအရာရှိနှင့် ဒေါ်မြင့်မြင့်လှိုင်၊ ဦးစီးအရာရှိတို့က မန္တလေးတိုင်းဒေသကြီး၏ ပြည်ပပို့ကုန်ဈေးကွက် အလားအလာရှိသောအမည်များဖြစ်သည့် ထန်း၊ မန်ကျည်းနှင့်ဆီးသီး ပို့ကုန်ဈေးကွက် အလားအလာများအား ရှင်းလင်းတင်ပြခဲ့သည်။ ဆွေးနွေးပွဲတက်ရောက်လာသူများမှ သိရှိလိုသည်များအား အထွေထွေဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲကို (၁၅:၀၀)နာရီအချိန်တွင် ရုပ်သိမ်းခဲ့သည်။

**Source: မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

https://myantrade.gov.mm/article/

## မော်လမြိုင်မြို့၌စိုက်ပျိုးသည့် မိချောင်းခေါင်းနာမည်နှင့်ဒူးရင်းသီး ဈေးကွက်အတွင်း ရောင်းအားအကောင်းဆုံးဟုသိရှိရ



မော်လမြိုင်မြို့၌ ထွက်ရှိသော မိချောင်းခေါင်းနာမည်နှင့် ဒူးရင်းသီးများကို မော်လမြိုင်မြို့၊ ၆ မိုင်ရပ်ကွက်၊ စမ်းကြီးရပ်ကွက်၊ စက်မှုဇုန်အပိုင်း ညောင်ပင်ဆိပ်ရပ်ကွက်အတွင်းရှိ ဥယျာဉ်ခြံများတွင် စိုက်ပျိုးကြသည်။ ယခုအချိန်တွင် မော်လမြိုင်မြို့အပြင် မွန်ပြည်နယ် အခြားမြို့နယ်များ၌လည်း စိုက်ပျိုးကြရာ ယခုကာလတွင် ဒူးရင်းသီးပေါ်ချိန်ဖြစ်သောကြောင့် ဈေးပြိုင်ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မော်လမြိုင်မြို့မှ စိုက်ပျိုးထွက်ရှိသောအသီးကို ကျန်မြို့နယ်မှ အသီးများမယှဉ်နိုင်သော မိချောင်းခေါင်းအသီးမှာ စားဖူးသူများ က ဈေးကောင်းပေးဝယ်ယူကြသောကြောင့် ဒူးရင်းသီးအပင်ကြွေ အလုံးကြီးလျှင် ၂၀,၀၀၀ ကျပ်ရရှိပြီး အလုံးသေးလျှင် ၁၀,၀၀၀ ကျပ်ပေး၍ဝယ်ယူကြကြောင်း၊ အပင်ကြွေဖြစ်သောကြောင့် ကြွေမှသာရောင်းချခြင်းဖြစ်ကြောင်း၊ မော်လမြိုင်မြို့ရှိ ဒူးရင်းခြံပိုင်ရှင်ဒေါ်နွဲ့ရီထံမှ သိရသည်။ မိချောင်းအသီးသည် တစ်ပင်ကို အလုံး ၃၀ မှ ၅၀ ထိ သီးလေ့ ရှိသော်လည်း အပင်ကြွေအသီးမှာ တစ်ပင်လျှင် ၁ ရက်ကို ၅ လုံးမှ ၈ လုံးလောက်သာ ကြွေကြသောကြောင့် အသီးထွက်နှုန်းနည်းကြောင်း၊ မိချောင်းခေါင်းအသီးကို အပင်ပေါ်တွင်မှည့်၍ ကြွေကျမှရောင်းချသောကြောင့် ဈေးကွက်၌ ဈေးကောင်းရကြောင်းသိရသည်။

DOCA(မွန်)

https://www.doca.gov.mm/my/node/20041

## အာလူးဈေးကွက် ဝယ်လိုအားတက်



လက်ရှိကာလတွင် အာလူးဈေးကွက်၌ ဝယ်လိုအား ပြန်လည်ကောင်းမွန်လာပြီး ယခင်နှစ်များက ယခုလတွင်ရရှိသည့် ဈေးတန်းအနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း နောင်တရားအာလူးအသင်းမှ သိရသည်။

ယခုနှစ် ဧပြီလပိုင်း၌ အပူရှိန်မြင့်သည့်အတွက် အာလူးများ ဈေးကွက်အတွင်း ရောင်းပန်းမလှခဲ့သော်လည်း လက်ရှိကာလ၌ ဈေးကွက်ကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေမှုများကြောင့် ပုံမှန်ဈေးတန်းသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း

သိရသည်။ "ဈေးကျခဲ့ရတဲ့ အကြောင်းရင်းအနေနဲ့ကလည်း ကွာလတီကျပြီး ဈေးကွက်ထဲဝင်လာလို့ပါ။ စုပြုံပြီးတူးတယ်၊ နေ့ခင်းကြီးတူးပြီး ချက်ချင်းမကောက်ပဲလှမ်းထားတော့ အာလူးနာတာလည်းပါတာပေါ့။ အခုကတော့ အဲဒီကာလကျော်သွားပြီး ပုံမှန်ထဲကို ပြန်ရောက်သွားပြီ။ အမှန်ကတော့ အာလူးဈေးကျတာမဟုတ်ဘူး။ ကွာလတီကျတော့ ဈေးပျက်သွားတာပေါ့"ဟု နောင်တရားအာလူးအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိ အာလူးဝယ်လိုအားအနေဖြင့် ပြန်လည်ကောင်းမွန်လာကာ အောင်ပန်းဈေးကွက်၌ တစ်ရက်လျှင် ပုံမှန်တန်ချိန် ၃၀၀၊ ၄၀၀ လောက်ကုန်ပြီး အခြားတင်ပို့မှုအရ တန်ချိန် ၄၀၀၊ ၅၀၀ ခန့် ရှိကြောင်းနှင့် ယခင်နှစ်ဈေးကွက် အနေအထားအရ ဇွန်၊ ဇူလိုင်လ၊ ဩဂုတ်လပိုင်းတွင် အထွက်နည်းသွား၍ ဈေးပိုမိုရရှိလာကြောင်း သိရသည်။

ယခုပြန်လည်ရရှိသည့် ပေါက်ဈေးအနေအထားအရ တောင်သူများအနေဖြင့်လည်း အလားအလာကောင်းသည့် ဈေးကွက်တစ်ခုရောက်ရှိလာပြီဟု သုံးသပ်ရကြောင်းလည်း ၄င်းကဆိုသည်။

**Source:** https://www.popularmyanmar.com/?p=158828

## ဧရာဝတီတိုင်းဒေသကြီး ဆန်၊ စပါးဈေးကွက် မေလဒုတိယပတ် မြို့နယ်အချို့ ဈေးနှုန်းပြောင်းလဲမှုရှိ



ဧရာဝတီတိုင်းဒေသကြီး ဆန်စပါးဈေးကွက် မေလဒုတိယပတ် မြို့နယ်အချို့ ဈေးနှုန်းပြောင်းလဲမှုရှိကြောင်း ပုသိမ်ခရိုင်အတွင်း ပေါ်ဆန်းစပါး ၄၆ ပေါင် ၁တင်းလျှင် ကျပ် ၃၀,၀၀၀ ဝန်းကျင် ပေါ်ဆန်းဆန် တစ်အိတ် ၁၃၅,၀၀၀ ကျပ် ဈေးနှင့် မိုးညှင်းမထစပါး ၄၆ ပေါင် ၁ တင်းကျပ် ၂၀၀၀၀ ဝန်းကျင် ဆန်တစ်အိတ် ၈၅,၀၀၀ ကျပ် ဈေးနှင့် ဧပြီလကုန်ဈေးအတိုင်း ပြောင်းလဲမှုမရှိဘဲ ဟင်္သာတ ခရိုင်အတွင်း ယခင်လကုန် မိုးညှင်းမထစပါး ၄၆ ပေါင် ၁ တင်း ကျပ် ၁၈,၀၀၀ ဝန်းကျင်မှ ယခုဈေး ၁၉,၀၀၀ ဝန်းကျင်ဖြစ်သွား၍ စပါး ၁ တင်း ကျပ် ၁၀၀၀ ခန့် ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ဆန်တစ်အိတ် ယခင် ၈၂၀၀၀ ကျပ်ဈေးမှ ယခု ၈၃,၀၀၀ ကျပ် ဖြစ်သွားသည့်အတွက် ဆန် ၁ အိတ် ကျပ် ၁၀၀၀ ခန့် ဈေးမြင့်တက်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရသည်။

မြောင်းမြခရိုင်နှင့်ဖျာပုံခရိုင်တို့တွင် ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ မြောင်းမြခရိုင်တွင် ပေါ်ဆန်းစပါး ၄၆ ပေါင် ၁ တင်း ၂၇,၀၀၀/၃၀,၀၀၀ ဈေးအတွင်းနှင့် ဆန်တစ်အိတ် ကျပ် ၁၂၀,၀၀၀/၁၄၀,၀၀၀ ဈေးဝန်းကျင်နှင့် ညှင်းမထမိုးစပါး ၄၆ ပေါင် ၁ တင်း ကျပ် ၂၀,၀၀၀ ဝန်းကျင် ဆန်တစ်အိတ် ၇၂,၀၀၀/၈၅,၀၀၀ ကျပ်ဈေးနှင့် ရောင်းဝယ်လျက်ရှိပြီး ဖျာပုံခရိုင်တွင် ပေါ်ဆန်းစပါး ၄၆ ပေါင် ၁ တင်း ၂၈,၀၀၀ /၂၉,၀၀၀ ကျပ်နှင့် ဆန်တစ်အိတ် ၁၂၅,၀၀၀ ကျပ်ဈေးနှင့် မိုးညှင်းမထစပါး ၄၆ ပေါင် ၁ တင်း ၂၀,၀၀၀ ကျပ်ဝန်းကျင် ဆန်တစ်အိတ် ၈၇,၀၀၀ ကျပ်ဈေးဖြင့် ဧပြီလကုန်ဈေးနှင့် မေလဒုတိယပတ် ဈေးနှုန်းပြောင်းလဲမှု မရှိဘဲ ဟင်္သာတခရိုင်အတွင်းသာ ဈေးနှုန်းအနည်းငယ်ပြောင်းလဲမှုရှိကြောင်း ဆန်စပါးဈေးကွက်သတင်းများမှ သိရသည်။

**DOCA(ဧရာဝတီ)**

https://www.doca.gov.mm/my/node/20028

## ဆောင်းနှမ်းလက်ကျန်နည်းနေပြီဖြစ်၍ နှမ်းဈေးမြင့်နေ

ဆောင်းနှမ်းလက်ကျန်နည်းနေပြီဖြစ်၍ နှမ်းဈေးမြင့်နေကြောင်း နှမ်းကုန်သည်နှင့် တောင်သူများထံမှသိရသည်။ နှမ်းမျိုးစုံ ဈေးနှုန်းအနေဖြင့် နှမ်းဖြူမှာ ဆောင်းနှမ်းလက်ကျန်နည်းခြင်း၊ နွေနှမ်းမဝင်သေးခြင်းနှင့်လုပ်ငန်းသမား အဝယ်ပုံမှန် ရှိခြင်းကြောင့် ဈေးနှုန်းများမြင့်တက်နေကြောင်းသိရသည်။ ထို့ပြင် နှမ်းနက်မှာ တရုတ်ဝယ်လက်နည်းသော်လည်း လက်ကျန် နည်းခြင်းကြောင့် ဈေးနှုန်းအတက်ဈေးဖြင့် ငြိမ်နေကြောင်းသိရသည်။

"အခုဆောင်းနှမ်းက လက်ကျန်နည်းသလောက်ဖြစ်နေပြီး နွေနှမ်းကလည်း ဈေးကွက်ထဲ လုံးဝမရောက်သေးဘူး။ တချို့နယ်တွေ မိုးစောင့်နေကြတယ်၊ တချို့နယ်တွေကျ မိုးအပြင်လေရောပါသွားတဲ့အတွက် နှမ်းပင်တွေလဲသွားကြတဲ့




အခြေအနေနဲ့  ကြုံနေရတယ်။ ပုံမှန်ရေပေးဝေမှုနဲ့ ရာသီဥတုအခြေအနေကောင်းရင်တော့ နွေနှမ်းအထွက်တိုးမယ်။ ရိပ်သိမ်းခါနီး မိုးရွာချရင်တော့ နှမ်းထဲရေဝင်ပြီး အရည်အသွေးကျနိုင်တယ်။ လက်ကျန်နည်းသွားလို့ ဈေးက အတက်ဈေးမှာရှိနေတယ်” ဟု အောင်လံမြို့မှ နှမ်းစိုက်တောင်သူတစ်ဦးကပြောသည်။

အချို့ ဆီစက်ရုံ ၊ ကုန်သည်များနှင့်လှောင်ရန်ဝယ်ယူကြသူများအနေဖြင့် လက်ကျန်နှမ်းများကို ဈေးကောင်းပေး လိုက်လံဝယ်ယူနေကြကြောင်းလည်း သိရသည်။ အောင်လံကုန်စည်ဒိုင် မတ်လ ၁၄ ရက်နေ့ဈေးကွက်ပေါက်ဈေးအရ နှမ်းနက် စမုန်  ၄၅ ပိဿာဝင် တစ်အိတ်ကို ငွေကျပ် ၃၅၀,၀၀၀ ကနေ ၃၈၀,၀၀၀ ကြားထိ ပေါက်ဈေးရှိပြီး၊ နှမ်းဖြူမှာ ၃၅၀၀၀၀ကျပ်၊ နှမ်းညို မှာ ၃၄၀,၀၀၀ ကျပ်ထိ အမြင့်ဈေးတွင် ရှိနေကြောင်းသိရသည်။ မန္တလေးကုန်စည်ဒိုင်မှာ နှမ်းနက်  စမုန်  ၄၅ ပိဿာဝင် တစ်အိတ်ကို ငွေကျပ် ၃၇၀,၀၀၀ ကနေ ၄၂၀,၀၀၀ ကြားထိ ပေါက်ဈေးရှိပြီး နှမ်းဖြူ Jp မှာ ၄၂၀,၀၀၀ကျပ် အထိအမြင့်ဈေးတွင်ရှိကြောင်းသိရသည်။

“နှမ်းက တရုတ်အဝယ်ပဲရှိတယ်။ ပြည်ပဈေးကွက်အေးတယ်၊ လက်ကျန်နည်းနေလို့သာ အမြင့်ဈေးနဲ့ငြိမ်နေတာကြာပြီ၊ ရာသီဥတုကောင်းရင်တော့ နှမ်းအရည်အသွေးကောင်းမှာ။ အရည်အသွေးကောင်းမှလည်း ပြင်ပက ဝယ်လိုအားကောင်းမှာ"ဟု နှမ်းကုန်သည်တစ်ဦးကပြောသည်။ နှမ်းနက်တစ်တန်လျှင် FOB ဈေးအရ 1680 မှ 1730 ဒေါ်လာပေါက်ဈေးရှိပြီး နှမ်းဖြူတစ်တန်လျှင် 1640 မှ 1690 ဒေါ်လာထိရှိပြီး ကာလအစဖြင့်ယှဉ်ပါက အနည်းငယ်မြင့်တက်လာကြောင်း သိရသည်။ နွေနှမ်းစိုက်ပျိုးရာတွင် မျိုးအနေဖြင့် နှမ်းညို၊ နှမ်းဖြူ၊ နှမ်းနက်မျိုးများကိုသာ အများဆုံးစိုက်ပျိုးကြပြီး ယခုအချိန်တွင် ရေပေးဝေမှုစေသောကြောင့် နွေနှမ်းများကို အစောဆုံး စိုက်ပျိုးကြကြောင်းသိရသည်။

ယခုနှစ်တွင် ပုံမှန်ရေပေးဝေမှုနှင့် ရာသီဥတုကောင်းမွန်ပါက အထွက်နှုန်းများကောင်းမွန်နိုင်ကြောင်း သုံးသပ်ကြသည်။ ယခင်က မြန်မာ့နှမ်းကို တရုတ်နိုင်ငံ၊ ဂျပန်၊ စင်ကာပူနှင့်ထိုင်ဝမ်တို့ကိုလည်း တင်ပို့လေ့ရှိပြီး လက်ရှိတရုတ်နိုင်ငံတစ်ခုတည်းကသာ အဝယ်အနည်းငယ်ရှိကြောင်း သိရသည်။

**Source: AMIA**

[https://t.me/htwettoe](https://t.me/htwettoe)

## ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ကျောက်မျက်နှင့် လက်ဝတ်ရတနာပို့ကုန်တန်ဖိုး ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအကြား မြင့်တက်လာနိုင်သည်ဟု The Gem and Jewelry Institute of Thailand (GIT) က ခန့်မှန်းထားခဲ့

ကမ္ဘာ့စီးပွားရေးမသေချာမှုများ ရှိနေသော်လည်း ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ကျောက်မျက်နှင့် လက်ဝတ်ရတနာပို့ကုန်သည် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းကြား တိုးတက်နိုင်ကြောင်း The Gem and Jewelry Institute of Thailand (GIT) က ခန့်မှန်းထားသည်။

၂၀၂၃ ခုနှစ်အတွင်း ကျောက်မျက်နှင့်လက်ဝတ်ရတနာ ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၄  ဒသမ ၆ ဘီလီယံ (၂ ဒသမ ၈၃ ရာခိုင်နှုန်း) နှင့် ၂၀၂၄ ခုနှစ် ပထမ ၃ လပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၂ ဘီလီယံသို့ အသီးသီး ကျဆင်းခဲ့ကြသော်လည်း ကျန်ကာလများအတွင်း ပို့ကုန်တန်ဖိုး မြင့်တက်လာနိုင်ပြီး ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းကြား တိုးတက်လာနိုင်ကြောင်း၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာပို့ကုန်သည် ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်များနှင့်ကွန်ပျူတာများနောက် အဆင့် ၃ နေရာတွင်ရှိသော ပို့ကုန်အမည်တစ်မျိုးဖြစ်ပါကြောင်း၊ ပို့ကုန်တန်ဖိုး (ရွှေအကြမ်းထည်မပါ) သည် ခိုင်မာနေဆဲဖြစ်ပါကြောင်း GIT ၏ ညွှန်ကြားရေးမှူးဖြစ်သူ Mr. Sumeth Prasongphongchai ကပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် ကျောက်မျက်နှင့် လက်ဝတ်ရတနာထုတ်လုပ်ရာတွင် ကမ္ဘာ့အဆင့် ၁၄ နေရာ၌ ရပ်တည်လျက်ရှိပြီး ရောင်စုံကျောက်တင်ပို့ရာ၌ အမေရိကန်နှင့်ဟောင်ကောင်တို့နောက် အဆင့် ၃ နေရာတွင် ရပ်တည်လျက်ရှိပါကြောင်း၊ ပို့ကုန်ခိုင်မာနေဆဲဖြစ်သည့် အရေးကြီးပို့ကုန်များမှာ ရွှေ၊ ရွှေလက်ဝတ်ရတနာ၊ ငွေလက်ဝတ်ရတနာ၊ အရောင်တင်နှင့် စိန်ဖြတ်စများဖြစ်ကြောင်း၊ ဖိမ်ခံအမျိုးအစားများစွာမှာ လက်ဝတ်ရတနာများ၊ ကျောက်များဖြစ်သည့် ပတ္တမြား၊ နီလာ၊ ရွှေနှင့် ငွေတို့

သည်လည်း ကမ္ဘာ့အဆင့်အတန်းမီပါကြောင်း၊ အဆိုပါပစ္စည်းများကို အဖိုးတန်ရင်းနှီးမြှုပ်နှံမှုနှင့် ဈေးကွက် အလားအလာ အတိုင်း ခိုင်မာသောဝယ်လိုအားရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ဇိမ်ခံအမျိုးအစားများသည် ယခင်ကာလထက် ၆၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်လာသဖြင့် ရင်းနှီးမြှုပ်နှံမှုတွင် ပြန်ရချက်များပါကြောင်း၊ ထိုင်းနိုင်ငံ၏ ကျောက်မျက်နှင့်လက်ဝတ်ရတနာကဏ္ဍသည် လုပ်အားအင်အားသုံးစွဲရပြီး အရည်အချင်းပြည့်မီသော ပန်းထိမ်ဆရာလိုအပ်သော်လည်း ပန်းထိမ်ဆရာအရေအတွက်မှာ ကျဆင်းလာလျက်ရှိပါကြောင်း၊ ပန်းထိမ်ဆရာများနှင့် အလုပ်သမားများ သန်းနှင့်ချီ၍ အလုပ်လုပ်ကိုင်နေသော်လည်း ကိန်းဂဏန်းအရေအတွက်မှာ ၈၀၀,၀၀၀ ခန့်သာရှိရခြင်းမှာ ၈၀ ရာခိုင်နှုန်းသည် ကုန်သည်များဖြစ်ပြီး ၂၀ ရာခိုင်နှုန်းသာ ပန်းထိမ်ဆရာများဖြစ်ကြောင်း Mr. Sumeth က ဖြည့်စွက်ပြောကြားခဲ့သည်။

ကျွမ်းကျင်ပညာရှင် ပြတ်တောက်မှုကို ဖြေရှင်းနိုင်ရန်အတွက် အလုပ်ခန့်သည့် စံနှုန်းများနှင့်ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းသတ်မှတ်ချက်များကို Thailand Professional Qualification Institute နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ အရည်အချင်းအခြေခံသင်ရိုးညွှန်းတမ်းကို ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းရေးဆွဲလျက်ရှိပါကြောင်း၊ နိုင်ငံတကာစံနှုန်းများနှင့် ကမ္ဘာ့ဈေးကွက်ရှိ သုံးစွဲသူများ၏ လိုလားချက်များဆိုင်ရာ ဗဟုသုတများ မျှဝေပေးနိုင်ရေးအတွက် နိုင်ငံအလယ်ပိုင်းနှင့် မြောက်ပိုင်းမှ ကျောက်မျက်အရောင်တင်သူများနှင့် ရွှေပန်းထိမ်များကို သင်တန်းပို့ချပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီဇိုင်နာနှင့် ပန်းထိမ်ဆရာမျိုးဆက်သစ်များ ပေါ်ထွက်လာနိုင်ရေး ၎င်းတို့၏ ဖန်တီးမှုများကို ပြသစေခြင်းဖြင့် World Jewelry Design Awards ချီးမြှင့်ခဲ့ပါကြောင်း၊ ဗန်ကောက်ကျောက်မျက်နှင့်လက်ဝတ်ရတနာပြပွဲကို နှစ်စဉ်ကျင်းပခြင်းဖြင့် ကျောက်မျက်နယ်ပယ်ရှိ အားလုံးသော ပါဝင်သူများ၏ အရည်အသွေးကို မြှင့်တင်ပေးလျက်ရှိရုံသာမက ထိပ်တန်းကျောက်မျက်ထုတ်လုပ်မှုနှင့် ကုန်သွယ်ရေးအချက်အချာ ဖြစ်စေရေးကိုလည်း အထောက်အကူပြုပါကြောင်း Mr. Sumeth က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် ကျောက်မျက်ရတနာပြပွဲကို နှစ်စဉ်ကျင်းပခြင်းဖြင့် နိုင်ငံ၏ ကျောက်မျက်ကဏ္ဍကို မြှင့်တင်ပေးလျက်ရှိကြောင်း သုံးသပ်ရသည်။ ပြပွဲတွင် နိုင်ငံတကာမှ လာရောက်ပြသခြင်းကြောင့် ခရီးသွားကဏ္ဍကိုလည်း အထောက်အကူပြုလျက်ရှိပါသည်။ နိုင်ငံတကာရှိ ကျောက်မျက်ဒီဇိုင်းများကိုလေ့လာနိုင်ပြီး သင်တန်းများဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့အနှံ့ရှိ ဝယ်ယူသူများ၏အကြိုက်ကို သိရှိနိုင်မည်ဖြစ်သည်။ တစ်ဖက်မှ ပို့ကုန်တိုးတက်ရေးဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံ၏မူဝါဒတစ်ခုဖြစ်သည့် ကျောက်မျက်ထုတ်လုပ်မှုနှင့်ကုန်သွယ်မှုအချက်အချာဖြစ်စေရေး ထောက်ပံ့မှုကွင်းဆက်တစ်ခုလုံး ခိုင်မာစေရေးလည်း ဆောင်ရွက်လျက်ရှိကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**Source: www.bangkokpost.com**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့**

https://myantrade.gov.mm/article/Npt-140520241030

## တရုတ်နိုင်ငံသို့ တင်ပို့နေသည့် သရက်သီးဈေးကွက် ဈေးကောင်းမရ



တရုတ်နိုင်ငံသို့ တင်ပို့နေသည့် သရက်သီးဈေးကွက်မှာ ဈေးကောင်းမရတာကြောင့် တင်ပို့သူများအရှုံးပေါ်ပြီး ပြည်တွင်းဈေးကွက်တွင်သာ ရောင်းချနေရသည်။ မေလဆန်းပိုင်းက စိန်တလုံး သရက်သီးများ မိုင်းလား-တာလေ့ဂိတ်မှ တစ်ဆင့် တရားဝင်တင်ပို့လျက်ရှိရာ တစ်ဖက်နိုင်ငံတွင် သရက်သီးပေါက်ဈေးမှာ ၁၆ ကီလိုတစ်ခြင်းလျှင် ယွမ် ၁၀၀-၁၂၀ ပေါက်ဈေးရှိပြီး ရွှေဟင်္သာ ၁၆ ကီလိုတစ်ခြင်းလျှင် ယွမ် ၆၀၊ ၇၀ သာ ပေါက်ဈေးရှိသဖြင့် တင်ပို့ကုန်သွယ်ရသည့်စရိတ်မှာ ကားတစ်စီးလျှင် ငွေကျပ် သိန်း ၁၆၀ ခန့်ကုန်ကျ စရိတ်ရှိတာကြောင့် သရက်သီးတင်ပို့သူများ ဆုံးရှုံးမှုရှိနေသည်။

"မိုင်းလား-တာလေ့ဘက် သရက်သီးတင်ပို့တာ အရင်ဝမ်တိန်ဈေးကွက်လိုပဲ ပုံမှန်ဈေးကွက်သာ ရောင်းရပါတယ်။ ဒါပေမဲ့ မူဆယ်ကလိုမဟုတ်ဘဲ ကုန်သွယ်တင်ပို့စရိတ်က ကားတစ်စီးကို သိန်း ၁၆၀ လောက် ကုန်ကျမှုရှိပါတယ်။ မိမိခြံထွက်

မဟုတ်ဘဲ ဝယ်ယူတင်ပို့သည့် ကုန်သည်များ ဆုံးရှုံးနိုင်ကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။ သို့ဖြစ်၍ စရိတ်မြင့်မားသည့် တရုတ်နိုင်ငံသို့ မတင်ပို့တော့ဘဲ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ကားတင်ပို့နိုင်သည့် ဒေသများသို့သာ အဓိကထား ရောင်းချနေရကြောင်း သရက်ခြံပိုင်ရှင်တစ်ဦးကပြောသည်။ "မန္တလေး၊ စစ်ကိုင်းကနေ တရုတ်နိုင်ငံသို့ သရက်သီးတင်ပို့ရာမှာ ကားခငွေ ကျပ်သိန်း ၇၀-၁၀၀ ကြားပေါက်ဈေးရှိပါတယ်။ ဒါကြောင့် တချို့ကုန်သည်တွေ ကားခကြီးမြင့်လို့ ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့နေတာပါ"ဟု ကားပိုင်ရှင်တစ်ဦးကပြောသည်။

တရုတ်နိုင်ငံသို့ တင်ပို့သည့် သရက်သီးများမှာ ၁၆ ကီလိုတစ်ခြင်းလျှင် ယွမ် ၁၀၀-၁၂၀ ပေါက်ဈေးရှိသဖြင့် မြန်မာငွေဖြင့် ပြန်လည်တွက်ချက်လျှင် တစ်ခြင်းလျှင် ငွေကျပ် ၆၀,၀၀၀ ခန့်ရရှိသော်လည်း တင်ပို့စရိတ်မြင့်မားတာကြောင့် ပြည်တွင်းဈေးကွက်တွင်သာ တစ်ခြင်းလျှင် ငွေကျပ် ၄၀,၀၀၀-၄၅,၀၀၀ ဖြင့်သာ ရောင်းချနေရသည်။ ယခုနှစ်တွင် စိန်တလုံး သရက်သီးအပြင် ရွှေဟင်္သာ၊ ရင်ကွဲသရက်သီးများ ယခင်နှစ်ထက် အထွက်နှုန်းကျဆင်းတာကြောင့် ပြည်တွင်းဈေးကွက်တွင် ဈေးကောင်းရရှိနေခြင်းဖြစ်သည်။

**Source: မကွေးဂျာနယ်**

## ဒူးရင်းသီးရာသီဖြစ်သဖြင့် ထိုင်းနိုင်ငံရှိ သီးနှံထုတ်လုပ်ရေးစက်ရုံ၊ ဒူးရင်းသီးခြံတွင် အလုပ်များပြားလျက်ရှိ



ထိုင်းနိုင်ငံရှိ ဒူးရင်းသီးခြံများရှိ အလုပ်သမားများသည် ဒူးရင်းသီးများ ခူးဆွတ်ခြင်း၊ ထုပ်ပိုးခြင်းစသည့်လုပ်ငန်းများဖြင့် အလုပ်များပြားလျက်ရှိပြီး စက်ရုံများကလည်း လုပ်ငန်းလည်ပတ်လျက်ရှိသည်။ ကမ္ဘာပေါ်တွင် ထိပ်တန်း ဒူးရင်းသီးထုတ်လုပ်သူနှင့် တင်ပို့သူအဖြစ် နာမည်ကျော်ကြားသော ထိုင်းနိုင်ငံသည်လည်း ယခုရာသီတွင် အလုပ်များပြားလျက်ရှိသည်။ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံက လတ်ဆတ်သော ဒူးရင်းသီးတန်ချိန် ၁ ဒသမ ၄၂၆ သန်း တင်ပို့ခဲ့သည့်အနက် တန်ချိန် ၉၂၉,၀၀၀ မှာ ထိုင်းနိုင်ငံမှလာခြင်းဖြစ်ပြီး ယင်းပမာဏမှာ တရုတ်နိုင်ငံ၏ လတ်ဆတ်သော ဒူးရင်းသီးတင်ပို့မှု၏ ၆၅ ဒသမ ၁၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**Source:** https://xinhuamyanmar.com/mm-en/ne-2451402/

## STOCK EXCHANGE (15.5.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 15th May, 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,703 (Shares) | 59,209,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | -100 | -1.14% | 8,800 | 8,800 | 8,700 | 446 | 3,891,700 | 33,109,694 | 288,054 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 720 | 2,070,000 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +50 | +3.33% | 1,500 | 1,550 | 1,500 | 7,745 | 11,704,650 | 29,664,613 | 45,980 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 15 | 43,500 | 12,823,224 | 37,187 |
| EFR | 00006 | 1,750 | +100 | +6.06% | 1,700 | 1,750 | 1,700 | 441 | 762,850 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +100 | +2.22% | 4,600 | 4,600 | 4,600 | 1 | 4,600 | 10,497,598 | 48,289 |
| MAEX | 00008 | 2,200 | +50 | +2.33% | 2,150 | 2,200 | 2,150 | 335 | 732,000 | 23,804,946 | 52,371 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 15th May, 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 371.10 | +0.25 | +0.07% | 371.94 | 373.36 | 371.10 | 9,703 | 19,209,300 | 8 | 699,957 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 15th May, 2024

| Trading Volume | Trading Value |
|---|---|
| 14,703 (Shares) | 59,209,300 (MMK) |

### Main Board

As of 1:00 pm, 15th May, 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,703 (Shares) | 59,209,300 (MMK) |

| MYANPIX | 371.10 ▲ 0.25 |
|---|---|
| Total Volume (shares) | 9,703 |
| Total Value (MMK) | 19 mil |
| Listed Company | 8 |
| Market Cap. (MMK) | 699,957 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▼ 100 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 50 |
| TMH | 00005 | 2,900 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 100 |
| AMATA | 00007 | 4,600 | ▲ 100 |
| MAEX | 00008 | 2,200 | ▲ 50 |